## For Those Seeking The Truth & Dynamic Living

သမ္မာတရားနှင့် ကြွယ်ဝသော အသက်တာရှာဖွေသူအတွက်

## “Christ is victor”

“ခရစ်တော်သည်အောင်နိုင်သူ”

**နိဝင်ဘာနှင့်ဒီဇင်ဘာ**     Christ is victor

### “ဘုရားသခင်ပြောခဲ့သည့်အတိုင်းယောသပ်ပြုခဲ့သည်”
### “God Said it, Joseph Did it”

“ထိုသို့ကြံစည်၍နေကြစဉ်တွင်အိပ်မက်ကိုမြင်ရသည်မှာ ထာဝရဘုရား၏ကောင်းကင်တမန်သည်ထင်ရှား၍ ဒါဝိဒ် အမျိုး ယောသပ်၊ သင်၏ခင်ပွန်းမာရီကို ထိန်းသိမ်းရမည့်အခွင့်ကို မစိုးရိမ်နှင့်၊ ပဋိသန္ဓေသည် သန့်ရှင်းသော ဝိညာဉ် တော်ကြောင့်ဖြစ်၏၊” (မသဲ ၁း၂၀)

“ဓမ္မသစ်ကျမ်းသည် ယောသပ်၏စိုးရိမ်ပူပန်မှုနှင့်ခက်ခဲသောအချိန်၌ အောင်မြင်မှုရရှိသည့်ပုံပြင်ဖြင့် အစပြုထားသည်။ ယောသပ်သည်ဘယ်လိုအခြေအနေမျိုးတွင်မဆို ဘုရားသခင်ကိုအကြွင်းမဲ့ ယုံကြည်ခဲ့သူတစ်ဦးဖြစ်သည်။ သူ့ခေတ် ကလူများသည် သူ့ကိုရယ်မောကောင်းရယ်မောနိုင်ပေသည်။ သို့သော် ပတ်ဝန်းကျင်အသိုင်းအဝိုင်းများမှ သူကြံစည် ရည်ရွယ်ထားသောမာရိနှင့်ထိမ်းမြား လက်ထပ်ခြင်းအစီအစဉ်ပျက်ပြားစေရန် သူ၌အားအကြိမ်ကြိမ် အကြံပေးကောင်း ပေးနိုင်သည်။ သို့သော် ယောသပ်သည်ဘုရားသခင်သစကားတော်ကို လုံးလုံးလျားလျား ယုံကြည်ခဲ့သောကြောင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ဝေဖန်ကဲ့ရဲ့ခြင်း။ လှောင်ပြောင်သရော်ခြင်းများကို နည်းနည်းလေးပင် ဂရုမစိုက်ဘဲ မာရိကိုထိမ်းမြားလက်ထပ်ရန်သာ”ဓိဌာန်ချမှတ်ခဲ့သည်။ “ဒါဝိဒ်အမျိုးယောသပ်၊ သင်၏ ခင်ပွန်း မာရီကို ထိန်းသိမ်းရမည့်အခွင့်ကိုမစိုးရိမ်နဲ့။ ဤပဋိသန္ဓေသည်သန့်ရှင်းသောဝိညာဉ် တော်ကြောင့်ဖြစ်၏” ဟူသောဘုရားသခင်၏ ရှင်းလင်းသောစကားတော် ကြောင့်မာရိကိုယူရန်ပြင်ဆင်ခဲ့သည်၊

ယနေ့လူငယ်တော်တော်များများတို့သည် သူတို့၏စေ့စပ်ထားသောသူများအပေါ် အခွင့်၌အရေးရယူကာ အခွင့် အာဏာ အပြည့်သုံးချင်ကြသည်။ လက်မထပ်မီအချိန်၌ပင် အမှတ်တမဲ့နေထိုင်အသက်ရှင်ကြသဖြင့် တကယ် အိမ်ထောင်ပြုလာကြသည့်အခါတွင်ကားကြာရှည်မခံဘဲအိမ်ထောင်သက်တမ်းမှာ မတည်မငြိမ်။ ပြိုယိုင်လဲသည်ကိုပင် မြင်နေကြရသည်မဟုတ်လား။ ထိုသို့သောလူများသည် တစ်ယောက်နှင့်တစ်ယောက် အယုံအကြည်ကင်းမဲ့ကြသည်။ ဤသို့အိမ်ထောင်ပြိုကွဲခြင်းသည် ကမ္ဘာတစ်ဝှမ်းရှိလူများထံသို့ ကျိန်ခြင်းအမင်္ဂလာသဖွယ်ကူးစက်လာခဲ့သည်။
ယောသပ်သည်မာရိအားထိမ်းမြားလက်ထပ်ရန်ဆုံးဖြစ်ခဲ့သည်မှာ တစ်သက်လုံးမာရိအား ထိန်းသိမ်းစောင့်ရှောက် သွားရန်နှင့် ချစ်ခြင်းမေတ္တာကိုအရင်းခံပြီးမေတ္တာ”ကိုအပြည့်အဝပေးရန်ဖြစ်သည်။

သို့သော်လည်းသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေဆွဲယူထားသောမာရိအားလက်ထပ်လျှင် ပတ်ဝန်းကျင်က ဘယ်လိုကဲ့ရဲ့ပြစ်တင်မည်ကို သူစိုးရိမ်ခဲ့သည်၊ ဒီလိုအခြေအနေမျိုးတွင် ယောသပ်သည်ဘုရားသခင်၏ အကြံအစည်တော်မူသော အပျိုကညာအားဖြင့် ခရစ်တော်မွေးဖွားခြင်း။ လောကလူသားများ၏အပြစ်ကို ဆောင်ယူသွားမည့်သူ ဖြစ်လာမည့်အကြောင်းကို နားလည်သဘောပေါက်သည့်အခါမှာ ဝမ်းသာအားရဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ယောသပ်သည်ဘုရားသခင်မိန့်တော်မူသည့်အတိုင်းပြုလုပ်ဆောင်ရွက်ခဲ့သည်။

နေရာတိုင်းလိုလိုတွင်ကြောက်ရွံ့တတ်သူများနှင့် အနာဂတ်အတွက်မရေရာမသေချာသူများတို့ကို ကျွန်ုပ်တို့ တွေ့ရကြပေလိမ့်မည်။ ထိုသူတို့သည်အရာအားလုံးကိုလောင်းကစားခြင်း(သို့)လောင်းကစား အဖြစ်မြင်တတ်ကြသည်။ ထိုသူတို့၏ထိမ်းမြားလက်ထပ်ခြင်းနှင့်သူတို့သားသမီးများ၏အနာဂတ်သည် လောင်းကစားခြင်းကဲ့သို့ မြင်ကြ

သည်။ သူတို့သည်ကံကြမ္မာ၏အလှည့်အပြောင်းကို တော်တော်ယုံကြည်ကြသည်၊ ထို့ကြောင့်ထိုကဲ့သို့သော သူများသည်ဘ၀အခြေအနေ အပြောင်းအလဲပေါ်အခြေနေအရ နေထိုင်အသက်ရှင်တတ်ဖို့ရန် အရေးကြီးလာသည်။ ထို့ကဲ့သို့သောလူများထဲတွင်တစ်ချို့သည်အိပ်ယာမှလန့်နိုးရန်ဆေးလုံးဆေးပြားများလိုအပ်သလို တစ်ချို့လူများသည်သွတ်လတ်တက်ကြွစေရန်နှင့်အိပ်ပျော်နိုင်ရန်ဆေးဝါးများသုံးဆွဲရန်လိုအပ်လာပါသည်။

ယောသပ်အသက်တာအားလှုပစေသောအရာမှာ နာခံတတ်သောအသက်တာပင်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုနာခံမှုမရှိလျှင်မိမိကိုယ်မိမိလည်းယုံကြည်ခြင်းရှိမည်မဟုတ်သည့်အပြင် နေ့စဉ်ခွန်အားလည်းရရှိလိမ့်မည်မဟုတ်ပေ။ ယနေ့ကျွန်ုပ်တို့ပတ်ဝန်းကျင်အနီးနား၌ဘုရားသခင်ကိုနာမခံသူများ။ ဘုရားမပါဘဲကိုယ့်လမ်းကိုလျှောက်နေသူများ အသက်တာ၌ သန့်ရှင်းခြင်းပါရမီမရှိသောသူများ မြောက်များစွာရှိနေပါသည်။ ထိုသူများသည် ခရစ်ယာန်ကောင်းယောင်ဆောင်ကြသော်လည်း ထိမ်းမြားလက်ထပ်ခြင်းအမှုကို အလျင်စလိုပြုလုပ်တတ် ကြပြီး ဘုရား နိုင်ငံတော်အတွက်ဘာမှလုပ်ဆောင်ခြင်းမရှိကြပေ။

ယနေ့ကမ္ဘာမှာလူသန်းပေါင်းများစွာတို့သည်ကျမ်းစာဖတ်ခြင်း၊ ခရစ္စမတ်၌လူများရှေ့တွင် ကျမ်းစာဖတ်ရွတ်ခြင်း၊ အစီစဉ်ဦးဆောင်ခြင်းများပြုလုပ်ကြသော်လည်း ရိုးသားဖြောင့်မတ်ခြင်းဖြုစင်ခြင်းနှင့် အသက်တာသန့်ရှင်းခြင်းစသည်တို့ကားကင်းမဲ့နေသည်။

ယနေ့ကမ္ဘာကြီးတောင်းဆိုနေသောအရာမှာ ရိုးသားဖြောင့်မတ်သောမိသားစု၊ အကျင့်စရိုက်၊ စိတ်နေစိတ်ထား ကောင်းမွန်သောမိခင်ဖခင်များနှင့်၊ သားသမီးများအားဖြုစင်သန့်ရှင်းစွာ အသက်ရှင်နေထိုင်ရန် သွန်သင်ပေးတတ်သောမိဘများဖြစ်ပေသည်။

ခရစ်စမတ်ကိုကျွန်ုတို့စိတ်နှလုံးအတွင်းမှရှိသေတန်ဖိုးထားပြီးပြုလုပ်ခြင်းသည် ပုံပြင်မဟုတ်သည်ကို ယနေ့ကမ္ဘာကြီးသိရှိနေပါပြီ။ ဤအရာများအတွက်ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များသည် ဘုရားသခင်နှလုံးသားမှ လာသော လုပ်ဆောင်ချက်နှင့် တောင်းဆိုချက်ပင်ဖြစ်ပါသည်။

သို့သော်ကျွန်ုပ်တို့မှားယွင်းစွာလုပ်ဆောင်တတ်မှုကြောင့်ဆုံးရှုံးခြင်းသို့ရောက်ရသောအချိန်လည်းရှိပါသည်။ ဒီနေ့ထိကျွန်တော်(စာရေးသူ)ခရီးသွားရင်းတွေ့ဆုံရသောအရာတစ်ခုမှာ ဝမ်းနည်းနေသူများ မျက်ရည်ကျနေသူများထဲတွင်အများစုသည် သူတို့ငယ်ရွယ်စဉ်တုန်းကအသက်တာမှာမသန့်ရှင်းသူများဖြစ်ကြသည်။

ဘုရားသခင်သည်အစွန်းတစ်စက်မှမထင်ဖြုစင်သန့်ရှင်းသောမာရိနှင့်ယောသပ်အသက်တာအားဖြင့် ယနေ့ကမ္ဘာမှာရှိသောလူငယ်မောင်မယ်များအားသွန်သင်ပေးနေပါသည်၊

Joshua Daniel (ယောရှု ဒံယေလ)

## <u>အမှန်တရားကိုဆန်းစစ်ခြင်း</u>
## "Reality Check"

"ဘုရားသခင်သသားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည်မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။"
(ရှင်ယောဟန် ၃း၁၆)

## "အချိုမြိန်ဆုံးသောနာမ"
## "The Sweetest Name"

"ထိုသားသည်မိမိလူတို့ကိုအပြစ်မှကယ်ချွတ်မည့်သူဖြစ်သောကြောင့်ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏"(မဿဲ ၁း၂၁)၊

လူတစ်ဦးတစ်ယောက်ကိုခင်မင်ပြီဆိုလျှင်ထိုသူနှင့်ပတ်သက်သည့်အရာများသည်လည်း ကျွန်ုပ်တို့နှင့် ပတ်သက်မှုရှိနေသလိုပင်ခံစားကြရသည်မဟုတ်လား။ ထိုနည်းတူခရစ်တော်နှင့်ပတ်သက်နေသောသူများတို့သည်လည်း တခြားသောတန်ဖိုးကြီးပစ္စည်းအရာများထက် ခရစ်တော်သည်သူတို့အသက်တာ၌အရေးကြီးပြီးတန်ဖိုးရှိနေသည်။

ကိုယ်တော်၏ဝတ်လုံတော်သည်အစဉ်မွှေးကြိုင်သောရနံ့သင်းနေသည်မှာ ကယ်တင်ရှင်တည်းဟူသော နာမတော်အားဖြင့် ဖြစ်သည်ဟု ဟောပြောခဲ့ကြသည်။ ခရစ်တော်၏နာမတကာတို့သည် ယုံကြည်သော သူတစ် ယောက်စီတိုင်း၏နား၌ပျားရည်သကာကဲ့သို့ချိုမြိန်စစ်မှန်လှပေသည်။ ခရစ်တော်ဘုရားကိုအသင်းတော်၏ ခင်ပွန်းသည်၊ အသင်းတော်၏ သတို့သား၊ အသင်းတော်၏မိတ်ဆွေဟုခေါ်သည်ဖြစ်စေ၊ လောကကမ္ဘာကြီးမတည်မီကတည်းက အသေခံရန် ဆင်းကြွလာသည့် သိုးသငယ်အဖြစ်သော်လည်းကောင်း၊ ဘုရင်မင်း၊ ပုရောဖက်၊ ယစ်ပုရောဟိတ် ရှိလောဆရာအဖြစ်သော်လည်းကောင်း ဧမာနွေလ၊ အံ့ဩဖွယ်၊ တိုင်ပင်ဖက်စသည့်ဘွဲ့နာမတိုင်းတို့နှင့် အမည်နာမတိုင်းသည် ပျားရည်အပြည့်ပါဝင်သောပျားလပို့ကဲ့သို့ပင်ချိုမြိန်လှပါသည်။ သူ့ထံမှစီးထွက်ကျလာသမျှသောအရာတို့သည် အဲ့နံ့အရသာနှင့်ပြည်စုံလှပေသည်။

အကယ်၍ယုံကြည်သူတို့၏ နားအတွက် ပို၍ ချိုမြိန်သောနာမတစ်စုံတစ်ခုရှိခဲ့ပါက ထိုအမည်နာမသည် ယေရှု၏ ဤမည်နာမပင်ဖြစ်ပေလိမ့်မည်။ ယေရှုဟူသောအမည်သည် ကောင်းကင်နိုင်ငံတော်၏ တံပိုးပတ်သာများကို သာယာသောသံစဉ်ဖြစ်ပေါ်လာစေရန် တွန်းအားပေးသောအမည် ပင်ဖြစ်ပေသည်။ ယေရှုဟူသောအမည်သည် ကျွန်ုပ်တို့ပျော်ရွှင်မှု အားလုံး၏ အသက်သွေးကြောပင်ဖြစ်သည်။

အကယ်၍အခြားသောအမည်နာမများထက်သာ၍အဖိုးထိုက်သော၊ သာ၍နှစ်သက်ဖွယ်ကောင်းသော အမည်နာမရှိခဲ့ပါကလည်း ထိုနာမတော်ပင်ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့သီကျူးသော ဆာလံသီချင်းသံစဉ်၏ ချည်ငင်ရာချည်တိုင်ပင်ဖြစ်ပေသည်။

ကျွန်ုပ်ချီးမွမ်းသီကုံးသော ဓမ္မသီချင်းမှန်သမျှသည် ထိုနာမတော်နှင့်သာအမြဲပြုပြီး ထိုနာမတော်မပါဝင်ဘဲ အဆုံးသတ်သောသီချင်းမှာမရှိသလောက်ပင်ဖြစ်သည်။ ပျော်မွေ့ခြင်းအားလုံး၏အစုအပေါင်းလည်းဖြစ်သည်။ ထိုနာမတော်သည် ကောင်းကင်ခေါင်းလောင်းများနှင့်အတူ သာယာသံထုတ်လွှင့်ပေးသောဂီတတစ်ခုပင်ဖြစ်သည်။

စကားလုံးတစ်လုံးရှိသီချင်းတစ်ပုဒ်ကျစ်လစ်မှုအတွက် မင်တစ်စက်ဖြစ်သော်လည်းနားလည် သဘောပေါက်မှုအတွက်သမုဒ္ဒရာတစ်စင်းဖြစ်သည်။ အသံနှစ်သံပါသော်ဒုပိုင်ဘက်ကင်းသမ္မာကျမ်းပြဇာတ်လည်းဖြစ်သည်။ ထာဝရကာလ၏ ဟာလေလုယာချီးမွမ်းသံများကိုအက္ခရာငါးလုံးဖြင့်စုပေါင်းထားခြင်းလည်းဖြစ်သည်။ သခင်ယေရှု အကျွန်ုပ်နားစဉ်အတွက်ဂီတသံဖြစ်သော ကိုယ်တော်သနာမတော်ကိုအကျွန်ုပ်ချီးမွမ်းပါ၏။

C.H Spurgeon.(စီ။အိတ်ချ်။စပါးရ်ဂျွန်)

## “သူ၏မွေးဖွားခြင်းနှင့်ကျွန်ုပ်တို့၏ဒုတိယမွေးဖွားခြင်း”
## “His Birth and Our New Birth

“ကြည့်ရှုလော့၊ သတို့သမီးကညာသည်ပဋိသန္ဓေစွဲယူ၍သားယောကျ်ားကိုဘွားမြင်လတ္တံ့–၊ထိုသားကိုဧမာနွေလအမည်ဖြင့်မှည့်ရလတ္တံ့၊”

## “သမိုင်းထဲကသူ၏မွေးဖွားခြင်း”

“ထိုအကြောင်းကြောင့်ထိုသန့်ရှင်းသောသားသည်လည်းဘုရားသခင်၏သားတော် ဟုခေါ်ဝေါ်သမုတ် ခြင်းခံလိမ့်မည်။” (လုကာ ၁း၃၅)၊ယေရှုခရစ်တော်သည်ဤလောကသို့ မွေးဖွားလာခြင်းဖြစ်သည်၊ ဤလောကမှ မွေးဖွားလာခြင်းမဟုတ်၊သမိုင်းကြောင်းအတွင်းမှပြောင်းလဲဆင့်ကဲဖြစ်ပေါ်ခဲ့သောသူမဟုတ်ဘဲ။သမိုင်းကြောင်းအတွင်းသို့ပြင်ပတစ်နေရာမှဝင်ရောက်လာခဲ့ခြင်းဖြစ်သည်၊ ယေရှုခရစ်တော်သည်အကောင်းဆုံးသောလူသားမဟုတ်ပေ၊ အကြောင်းမှာ သူသည်လူသားမျိုးနွယ်အထဲတွင်ထည့်သွင်းရေတွက်၍မရ ဖြစ်တည်မှု တစ်ခုဖြစ်သောကြောင့်ပေ၊ သခင်ယေရှုသည် လူသားမှဘုရားဖြစ်လာခြင်း မဟုတ်ဘဲ ဘုရားမှလူ့ဇာတိခံယူလာခြင်းသာဖြစ်သည်။ လူ့လောကထဲသို့ အပြင်ဘက်မှဝင်ရောက်လာခြင်းဖြစ်သည်၊ အနိမ့်ဆုံးသောတံခါးအတွင်းသို့ဝင်ရောက်လာသောသူ ခရစ်တော်သည် အမြင့်မြတ်ဆုံးနှင့် အသန့်ရှင်းဆုံး အသက်တာပိုင်ရှင်ဖြစ်သည်။ ကျွန်ုပ်တို့ သခင်ခရစ်တော်၏ မွေးဖွားခြင်းသည် အထက်မှကြွဆင်းလာခြင်းဖြစ်သည်။

## “ကျွန်ုပ်အထဲ၌ခရစ်တော်မွေးဖွားခြင်း”
## His Birth in Me

“ချစ်သားတို့ ခရစ်တော်သည်သင်တို့ အထဲ၌တည်လျက်ရှိတော်မူသည့်တိုင်အောင်သင်တို့အဘို့ သားဖွားခြင်း ဝေဒနာကိုငါခံရသည်။” (ဂလာတိ၄း၁၉)။ကျွန်ုပ်တို့၏အရှင်သခင် ဖြစ်သည့်ခရစ်တော်သည် လူ့သမိုင်းထဲသို့ ဝင်ရောက်လာခဲ့သည်နည်းတူ ကျွန်ုပ်တို့၏အထဲ၌လည်း တစ်ပြိုင်တည်းဝင်ရောက်လာသည်။ သို့သော် ကျွန်ုပ်တို့၏ အထဲ၌ ခရစ်တော်မွေးဖွားဖို့ရန်ကျွန်ုပ်တို့အသက်တာ၌ မွေးဖွားဖို့နေရာရောရှိပါသလားဟူသော ကိုယ့်ကိုကိုယ်မေးရမည့် မေးခွန်းတစ်ခုရှိနေသည်။ စစ်မှန်သောဘုရားသခင်သနိုင်ငံတော်သို့ ဝင်ရောက်ခစားနိုင်ရန် အထက်မှ အသစ်တဖန်ပြန်လည်မွေးဖွားဖို့ရန်လိုအပ်ပါသည်။

သင်သည် ဒုတိယအကြိမ်ပြန်လည်မွေးဖွားသင့်သည်ဟူသောစကားသည် အမိန့်မဟုတ်သော်လည်း ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရောက်ဖို့ရန်အခြေခံကျသောအရာဖြစ်ပေသည်။ အသစ်တစ်ဖန်ပြန်လည်မွေးဖွားရခြင်း၏ ထူးခြားသောလက္ခဏာတစ်ခုမှာ ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ အသက်ရှင်သည်ဟူသော အသိစိတ်ဖြင့် အသက်ရှင်ခြင်းပင်ဖြစ်သည်။ အထက်မှမွေးဖွားခြင်းခံရသူသည် သူ့အထဲ၌ ခရစ်တော်အသက်ရှင်ကြောင်းနှင့် သူ့အသက်တာအားဖြင့်ခရစ်တော်အလုပ်လုပ်မည်ဖြစ်ကြောင်းရှင်းရှင်းလင်းလင်းသဘောပေါက်ထားဖြစ်ပေသည်။ ခရစ်တော်သည် လူ့ဇာတိကိုခံယူပြီးလောကီလူသားများအတွက်အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့သည်လည်းကယ်တင်ခြင်းသို့ ရောက်ရကြခြင်းဖြစ်သည်။

Oswald Chambers (အိုစဝပ်လ်ခြမ်းဘားရ်စ်)

## “ဤအရာသည်ခရစ်တော်အတွက်”
## “This One is for Jesus”

တစ်ခါကကလေးမလေးတစ်ယောက်အားတောက်ပသောဒင်္ဂါပြား ၁၀ပြားကို ခရစ်စမတ်လက်ဆောင်အဖြစ်ပေးလိုက်ကြသည်။ ကလေးမလေးသည်ထိုဒင်္ဂါပြားဆယ်ခု အားရရခြင်းသူ့ဘေးနားရှိလူများအားခွဲဝေပေးခဲ့ပါသည်။ ထိုသို့ခွဲဝေမျှစဉ်တွင်က“ဒီအရာကခရစ်တော်အတွက်မေမေ၊ ဒါကသင့်အတွက်၊ ဒါကဖေဖေအတွက်”စသည်ဖြင့် သူ့အတွက်ဒင်္ဂါးပြားတစ်ပြားဘဲကျန်သည့်အထိဝေမျှပေးလိုက်သည်။ ပြီးမှ ဒီအရာက ခရစ်တော်အတွက်ဆိုပြီးသူပြောပြန်သည်။ ထိုအချိန်တွင် သူ့မိခင်ကစောစောက ဒီဟာသည်ခရစ်တော်အတွက်ဆိုပြီး သင်ပြောပြီးပြီဘဲဟု ပြောလိုက်ရာ ကလေးမလေးကဟုတ်ပါတယ်မေမေ။ ဒါပေမယ့်ဒီအရာကိုခရစ်တော်ကိုလက်ဆောင်ပေးလိုက်တယ်ဟုပြောလေ၏။

## “သန့်ရှင်းခြင်းနှင့်ရိုးသားဖြောင့်မတ်ခြင်း”
## “Purity and Integrity”

“ကိုယ်တော်၏လူ ဣသရေလအမျိုးကိုချီးမြှောက်စေခြင်းငှါလည်းကောင်း၊ တစ်ပါးအမျိုးသားတို့ကို လင်းစေခြင်းငှါလည်းကောင်း လူအမျိုးမျိုးတို့ရှေ့မှောက်၌ပြင်ဆင်တော်မူသောအလင်းတည်းဟူသောကယ်တင်သောသခင်ကို အကျွန်ုပ်သည်ကိုယ်တော်မျက်စိနှင့်မြင်ရပါ။”
(ရှင်လုကာ ၂း၃၀–၃၁)၊

ယောသပ်နှင့်မာရိတို့သည် ခရစ်တော်အကြောင်းဟောပြောထားချက်များနှင့်ပတ်သက်၍ များစွာ အံ့သြဖြစ်ခဲ့ရကြသည်။ တစ်ခုပြီးတစ်ခုဖြစ်ပျက်လာသောအဖြစ်အပျက်များသည် သူတို့ထံသို့သူငယ်တော်ယေရှုနှင့် ပတ်သက်သည့် အသစ်သောဗျာဒိတ်အနေဖြင့်ဝိညာဉ်ရေးရာ၌ နိုးနိုးကြားကြားရှိရမည်ဖြစ်ပြီး မိဘဖြစ်သူသည် ဝိညာဉ်ပိုင်း၌ စံနှုန်းပြည့်သူများဖြစ်နေရပေမည်။ ထိုမိဘများကိုသာမာန်မဟုတ်သော တမူထူးခြားသောယောကျ်ားနှင့်မိန်းမဟူ၍ ထင်မြင်ယူဆရမည်မဟုတ်ပေ။ သူတို့ကြုံတွေ့ရသောအဖြစ်အပျက်အားလုံးတို့ သည်ကြိုတင်ပြင်ဆင်ထားသောအရာများ မဟုတ်ဘဲ။ ရုတ်တရက်ကြုံတွေ့ရသောအရာများသာဖြစ်ပြီး ထိုအဖြစ်အပျက်အားလုံးလိုလိုသည် သူတို့၏ လေ့ကျင့်မှုထဲသို့ဝင်ရောက်လာခြင်းသာဖြစ်သည်။ သူတို့မိသားစု၏ရည်ရွယ်ချက်အလိုဆန္ဒများသည်ကောင်းကင်အ

ရပ်မှ လာသောအရာများသာဖြစ်သည်။ သူတို့၏လူငယ်ဘဝတည်ဆောက်ပုံမှာသူတစ်ပါးနှင့်မတူဘဲ တမူထူးခြားနေသည်။ သို့သော် သခင်ယေရှု၏မိသားစုအသက်တာဘဝသည် အမှတ်တမဲ့ဖြစ်လာခြင်းဟုမမှတ်ယူသင့်ပေ။ မိဘနှစ်ပါးစလုံးသည်သာမာန်လူများသာဖြစ်သည်။ သင့်အသက်တာတွင်ခံစားရသည့် ကြီးထွားရင့်ကျတ်မှု၊ အောင်မြင်မှု၊ တိုးတက်မှုအားလုံးတို့သည်သင်၏လူငယ်ဘဝတွင်တည်ဆောက်ခဲ့သော အခြေခံအုတ်မြစ်အပေါ်တွင်သာ အားလုံးတည်မှီနေသည်။ ပရမ်းပတာအသက်ရှင်ခဲ့သောလူငယ်တစ်ယောက်သည်အသက်တာအားဖြင့်ဝိညာဉ်ရေးရာ၌ရင့်ကျက်သောမိသားစုဘဝကိုလျှပ်တစ်ပျက်အတွင်းတည်ဆောက်၍မရပေ။ ယောသပ်နှင့်မာရိတို့၏ ခင်မင်မှုနှင့်ကြီးကျယ်မြင့်မြတ်မှုတို့ကိုအလွန်ပင်အံ့ဩရမိသည်။မည်မျှအံ့ဩဆန်းကြယ်သော မြင့်မြတ်သောမိသားစုအကြောင်းပေနည်း။ ခရစ်ယာန်များအတွက်ထိုမိသားစုအကြောင်းအရာများထဲတွင်ကြွယ်ဝမှုကိန်းဝပ်နေသည်၊

ယေရုစလင်မြို့တွင်ရှိမုန်ဟူသောလူတစ်ယောက်ရှိခဲ့သည်။ သူ၏အကြောင်းများကို အစပိုင်းတွင် ဖော်ပြထားခြင်းများမရှိခဲ့ပေ။ ထို့ကြောင့် သူသည်တိတ်တိတ်နေတတ်သော သူတစ်ဦးဖြစ်ပေလိမ့်မည်။ သူသည်တရားမျှတမှုရှိပြီးဘုရားဝတ်၌အားကြီးသောသူဖြစ်သည်။ နှစ်ပေါင်း ၄၀၀ ကြာ ဣသရေလတိုင်းပြည်တွင်ပရောဖက်ပေါ်ထွန်းခြင်းမရှိခဲ့ပေ။ ရှိမုန်မှာဘုရားသခင်နှုတ်ကပတ်တော်ကြီးမားစွာပြည့်စုံမှုတစ်ခုအဖြစ်မျှော်လင့်ရသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်ရှုဆင်ခြင်သူတိုင်းဘုရားသခင်၏စိတ်တော်ကိုတွေ့မြင်ရမည်ဖြစ်သည်။ ဆုတောင်းခြင်းသည်အခြားသူများ၏အတွေးအခေါ်များကို ဖတ်ရှုနိုင်စေရုံမကဘုရားသခင်၏ အတွေးအခေါ်များကိုပါဖတ်ရှုနိုင်စေသည်။ ပရောဖက်ပြုချက်သည်ဘုရားသခင်၏ အတွေးအခေါ်ထဲသို့ကြည့်မျှော်ခြင်းဖြစ်သည်။ သင်၏နှလုံးသားကိုဘုရားသခင်၏နှုတ်ကပတ်တော်နှင့် သန့်ရှင်းပြည့်ဝစေပြီးပါက သင်သည်ဘုရားသခင်နှင့်အတူ အနာဂတ်ကိုကြည့်မျှော်နေပြီဖြစ်သည်။ သင့်ထံမှဘုရားသခင်၏နှုတ်ကပတ်တော်ကိုရမည်ဟုလူအများကိုဆွဲဆောင်နိုင်သည့်ဝိညာဉ်ညှို့အားသင်၌ရှိလာပြီဖြစ်သည်၊

ခရစ်တော်ကိုပွေ့ချီရသောအခါ ရှိမုန်အလွန်ဝမ်းမြောက်ခဲ့သည်။ ခရစ်တော်သည်အမှောင်ဖုံးလွှမ်းနေသော ဤ လောကကြီးထဲသို့ကယ်တင်ရှင်အဖြစ်ကြွဆင်းလာခဲ့သည်။

သူသည်တစ်ပါးအမျိုးသားများကိုအလင်းပြမည့်သူဖြစ်သည်။ အဘိုးအိုရှိမုန်က ခရစ်တော်၏မိခင်တွေ့ကြုံခံစားရမည့်ဝမ်းနည်းမှုဆွေးမြေ့မှုကိုပရောဖက်ပြုခဲ့သည်။ သုံးနှစ်ခွဲကြာ ဘုန်းတန်ခိုးပြည့်သော သာသနာခရီးစဉ် ပြီးသောအခါတွင် ခရစ်တော်သည် ကားတိုင်တင်ခံရမည်ဖြစ်သည်။ ခရစ်တော်၏ မိခင်မာရိအနေဖြင့် မည်မျှစိတ်ပူပင်ခဲ့မည်ကိုကျွန်ုပ်မသိနိုင်ပေ။

နှုတ်ကပတ်တော်ကိုလေ့လာခြင်းသည်ဝိညာဉ်ရေးရာတိုးတက်မှုနှင့်အမြင် ရှုတောင့်မှန်ကုန်မှု အမျိုးအစားကိုပေးအပ်နိုင်စွမ်းရှိသည်။ မိမိကိုယ်ကိုဘုနန်းတက်စေမည့် ဝိညာဉ်ရေးရာတိုးတက်မှုပါရှိသည်။ ထိုအရာကို သတိထားရမည်။ ထိုကဲ့သို့အဖြစ်အပျက်သည်နှုတ်ကပတ်တော်ကိုသတိပြုဖတ်ရှုလေ့လာသောသူများအတွက် ဖြစ်ပျက်လေ့ မရှိပေ။ ရှိမုန်သည် ဣသရေလလူတို့ခံစားရမည့်နှစ်သိမ့်မှုကိုစောင့်လျက်ရှိသည်။

အသင်းတော်အင်အားဖြစ်စေမည့် အကြောင်းအရာပေါ်ဆုတောင်းခြင်းဖြင့် မျှော်ကြည့်ရမည်ဖြစ်သည်။ ခိုင်မာပြီးထိရောက်မှုရှိရမည်ဖြစ်သည်။ ဘုရားသခင်အတွက်ကျွန်ုပ်တို့လုပ်သမျှသည် တင့်တယ်လျှောက်ပတ်သော နည်းလမ်းအားဖြင့်တိုးတက်ရမည်ဖြစ်သည်။ ထို့ပြင် ဘုရားသခင်အတွက်လူများကိုလည်း ပေါ်ထွန်းစေရမည် ဖြစ်သည်။ ကိုယ်ကျိုးအတွက်သာမစဉ်းစားပါနဲ့။ ဝိညာဉ်သက်တာရှိအောင်အရင်လုပ်ဆောင်ပါ။ ထိုနောက်တွင်မှ အသင်းတော်အတွင်းကြီးမားသောအမှု ဘုရားသခင်ပြလာမည့်အချိန်ကို စောင့်မျှော်ပါ။ တရားဟောပြောသည့်အခါတိုင်း တရားနားသောပရိသတ်ကို ဘုရားသခင်ရှေ့ဒူးထောက်ပြပ်ဝပ် စေရန်ဟောပြောပါ။ တစ်ဦးတစ်ယောက်တိုင်း မိသားစုတိုင်းနှင့် အသင်းတော်တိုင်း ဘုရားသခင်ဘက်ကိုလှည့်လာစေပါ။ ရှိမုန်သည်ဗိမာန်တော်သို့ယေရှုကြွလာသောအခါစိတ်ဝိညာဉ်ဖြင့်လာခဲ့သည်။ ဤအချက်သည်ဝိညာဉ်တော်ကမည်သို့မည်ပုံလုပ်ရမည်ကိုလမ်းညွှန်ခြင်းဖြစ်သည်။

ဝိညာဉ်ရေးရာအသက်တာကိုဆုကျေးဇူးသဖွယ်လက်ခံရယူသင့်သည်။ ကမ္ဘာကြီးသည် ပရောဖက်ပြုနိုင်သော သူများကို လိုအပ်နေသည်။ သင်၏ပရောဖက်ပြုခြင်းအားဖြင့် လူများသည်ဘုရားသခင်ကို သိရှိကိုးကွယ်လာနိုင်ပြီး သင်အားဖြင့် သူတို့ကို ဘုရားသခင်က စကားပြောသည်ကို သိရှိလာကြမည်ဖြစ်ပါသည်။ ဝိညာဉ်ရေးရာအသက်တာနှင့် ဆုတောင်းခြင်းအသက်တာကြီးထွားရင့်ကျက်လာသည့်အခါ သင့်ထံသို့ လာသော သူများကို

ဘုရားသခင့်ထံတော်ပါးသို့ ပို့ဆောင်နိုင်ရသောအခွင့် ဘုရားပြင်ဆင်ပေးမည် ဖြစ်သည်။ ဤသို့ဖြင့် သင်သည် ဘုရားဘိသိက်တန်ခိုးရရှိလာမည် ဖြစ်သည်၊

ရှိမုန်သည် ဘုရားသခင်၏ဝိညာဉ်တော်ဘိသိက်တန်ခိုးသွန်းလောင်းခြင်းခံရသူ ဖြစ်ပါသည်၊ သူပရောဖက် ပြုသော အရာများသည် သူတစ်ပါးအသက်တာ၌ များစွာ အထောက်အကူဖြစ်ပြီး သူတစ်ပါး၏ ယုံကြည်ခြင်းကိုလည်း တိုးတက်စေခဲ့သည်။ အမှန်တကယ် ကျွန်ုပ်တို့ ဝိညာဉ်ရေးရာ အသက်တာသည် သူ့တစ်ပါးအတွက် အတုယူစရာ စံနမူနာ ဖြစ်သင့်ပေသည်။

## "အဆုံးအစမရှိသောသူ သူငယ်ဖြစ်ခဲ့ပြီ"
## "The Infinite Became an Infant"

အရာခပ်သိမ်းကိုဖန်ဆင်းတော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်တည်း ဟူသော သခင်ခရစ်တော်သည် လူ့ဇာတိကိုခံယူပြီး ကျွန်ုပ်တို့အတွက်ဖွားမြင်ခြင်းကိုခံတော်မူပြီ သူသည် ကမ္ဘာမြေမတည်ရှိမီ အချိန်က ရှိနှင့်ပြီး။ ခေတ်အဆက်ဆက် အုပ်စိုးတော်မူသော အရှင်ဖြစ်ပေသည်။ လူ့အဖြစ်ကိုခံယူကာ မာရိအားဖြင့် ဤကမ္ဘာလောကထဲသို့မွေးဖွားခြင်းခံခဲ့သည်။ ခရစ်တော်လူ့ဇာတိကိုခံယူခြင်းအားဖြင့်

၁၊ ကောင်းကင်ကြယ်တာရာ စကြာဝဠာ အလုံးစုံကိုအုပ်စိုးတော်မူသောဘုရားဖြစ်လျက် လူမိန်းမ မာရိ ရင်ခွင်အောက်၌ ကြီးပြင်းခဲ့သည်၊
၂၊ အသက်မုန့်၌ဖြစ်တော်မူသော ခရစ်တော် သူကိုယ်တိုင် ဆာငတ်ခြင်းကို ခံစားခဲ့ရသည်၊
၃၊ အသက်စမ်းရေဖြစ်လျက် ရေဆာငတ်နေသူ တစ်ယောက်ဖြစ်ခဲ့သည်၊
၄၊ အလင်းဖြစ်လ့က် အမှောင်မှာ လျှောက်ခဲ့သည်
၅၊ လမ်းခရီးဖြစ်လျက် ခရီးကြမ်းနှင်ခဲ့သည်၊
၆၊ သမ္မာတရားဖြစ်လျက် မှားယွင်းသော သက်သေအဖြစ်စွပ်စွဲခြင်းခံခဲ့သည်၊
၇၊ အရာခပ်သိမ်းကို တရားစီရင်ပိုင်သူဖြစ်လျက် သေသည့်တိုင် လောကီတရားသူကြီးများ၏ တရားစီရင်ခြင်းကို ခံခဲ့သည်၊
၈၊ ဖြောင့်မတ်သော်လည်းမဖြောင့်မတ်သူများ၏ ပြစ်တင်ပြောဆိုခြင်းခံခဲ့သည်၊
၉၊ အပြစ်မကျူးလွန်သော်လည်း ကြိမ်ဒဏ်ပေးခြင်းခံခဲ့သည်၊
၁၀၊ အရာအားလုံးသ အခြေခံအုတ်မြစ်ဖြစ်သော်လည်း။ ကားတိုင်ပေါ် အသေသတ် ခြင်းကိုခံယူခဲ့သည်၊
၁၁၊ ခွန်အားကြီးသူဖြစ်လျက်အားနည်းသူတစ်ယောက်အဖြစ်ရပ်တည်ခဲ့သည်၊

မထိုက်တန်သောသူများကို ကယ်တင်ရန် ခရစ်တော်သည် ဆင်းရဲဒုက္ခအမျိုးမျိုးကိုခံခဲ့ပြီး အပြစ်သားများအားရွေးနှုတ်ခဲ့ပြီ၊ ခရစ်တော်သည် သေခြင်းနှင့်ထိုက်တန်သည့် အပြစ် တစ်စုံတစ်ရာ ပြုလုပ်ခြင်းမရှိသော်လည်း၊ အပြးစ်သားများအတွက်အသက်ကို စတေးခဲ့သည်။ ထိုနည်းတူ ကျွန်ုပ်တို့၌ အပြစ်သားများသည် မထိုက်တန်သော်လည်း ခရစ်တော်အသေခံခြင်းအားဖြင့် ကယ်တင်ခြင်းကျေးဇူးတော်ရရှိသောကြောင့် ခရစ်တော်အတွက် အကျိုးရှိသော အသက်တာဖြင့် ပြန်လည် အသက်ရှင်ကြရန်ဖြစ်သည်၊

**St .Augustine** (အက်စ်တီ ဩဂတ်စ်တင်း)

## "နှုတ်ဖြင့်မွတ်ဆိုမမီနိုင်သောဆုကျေးဇူး"
## "The Unspeakable Gift"

ရှေးရှေးတုန်းက ပြင်သစ် နိုင်ငံမှာ သဘောထားမြင့်မြတ်၍ ပညာရှိသောရှင်ဘုရင် တစ်ပါး အုပ်ချုပ်ခဲ့သည်။ ထိုရှင်ဘုရင်သည် သူ့လူများအား တော်တော်ချစ်ခဲ့သည်။ သူ့လူများမည်ကဲ့သို့ အသက်ရှင်နေထိုင်ကြကြောင်း မည်သည့်အခက်ခဲရှိကြကြောင်း စသည့်အချက်များကိုပိုမိုသိရှိနိုင်ရန်အတွက် သူတောင်းစားကဲ့သို့ ဝတ်ဆင်ကာ ဆင်းရဲသားများအိမ်သို့ အလည်အပတ်ရောက်ရှိခဲ့သည်။ ထိုသို့သွားရောက်လည်ပတ်ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ သူတို့ရှင်ဘုရင်ဖြစ်ကြောင်းသတိမထားမိကြပေ။

တစ်နေ့တွင် ရှင်ဘုရင်သည် မြေအောက်ခန်း၌ နေထိုင်သောဆင်းရဲသားတစ်ယောက်ထံသို့သွားရောက်လည်ပတ်ခဲ့သည်။ ဆင်းရဲသားနှင့်အတူ မာကြောသော အစာကိုစားလျှက် ချိုသာသောစကားများဖြင့်ပြောဆိုဆက်ဆံ ခဲ့ကြသည်၊

ဤသို့ဖြင့်ရှင်ဘုရင်သည် ရက်အတန်ကြာသော် ဆင်းရဲသားအိမ်သို့ ပြန်လည် သွားရောက်လည်ပတ်ကာ သူရှင်ဘုရင်တစ်ပါးဖြစ်ကြောင်းပြောဆိုခဲ့သည်။ ရှင်ဘုရင်သည်ထိုသို့ပြောဆိုခြင်းအားဖြင့် ဆင်းရဲသားက လက်ဆောင်တစ်ခုခုတောင်းလိမ့်မည်ဟု မျှော်လင့်သော်လည်း ဆင်းရဲသားဘက်မှ ဘာမှတောင်းခံခြင်းမရှိဘဲ၊ ဤသို့ပြောဆိုခဲ့သည်။ “မြင့်မြတ်သောရှင်ဘုရင် သင်၏မြင့်မြတ်သန့်ရှင်းသော နန်းတော်ကိုစွန့်၍ အကျွန်ုပ်ဆင်းရဲသား နေထိုင်သော အမှောင်ခန်း ဒုက္ခနှင့်ပြည့်နေသောနေရာသို့ လာရောက်လည်ပတ်ခဲ့ပြီတကား၊ အကျွန်ုပ်ဆင်းရဲသားသုံးဆောင်သော ကြမ်းတမ်း၍မာကြောသောအစာကိုလည်း အကျွန်ုပ်နှင့်အတူသုံးဆောင်တော်မူပြီ၊ ဤသို့ဖြင့် အကျွန်ုပ်၏စိတ်နှလုံးသားကို အရှင်မြင့်မြတ်ရွှင်လန်းစေတော်မူပြီ၊ တခြားသူများအား သင်၏ချမ်းသာ စည်းစိမ်ဥစ္စာဝေမျှ ပေးသနားတော်မူပြီ၊ သို့သော် အကျွန်ုပ်မူကား စည်းစိမ်ဥစ္စာမဟုတ်ဘဲ ဘုရင်မြင့်မြတ်ကိုယ်တော်တိုင် ကျွန်တော်၌ ပေးအပ်ခဲ့လေပြီ၊ ယခုချိန်တွင်ဘုရင်မြင့်မြတ်သည် အကျွန်ုပ်ဆင်းရဲသားက ပိုင်ဆိုင်သော သူဖြစ်နေပြီ”ဟုဆိုလေ၏။

ထိုနည်းတူ ဘုန်းကြီးသောအရှင်၊ သခင်ခရစ်တော်သည် အကျွန်ုပ်တို့ အဖို့ပေးအပ်ခြင်းခံတော်မူပြီ၊ ထိုကြောင့် သမ္မာကျမ်းစာက သခင်ခရစ်တော်အား“နှုတ်ဖြင့် မြတ်ဆိုမမီနိုင်သော ဆုကျေးဇူး”ကို ဖော်ပြထားသည်မဟုတ်ပါလား၊

Selected –ကောက်နုတ်ချက်

## “အသင်းတော်ရှိကလေးများ”
## “Church Babies”

ကလေးများနှင့်ပတ်သတ်၍ ထင်ရှားသော သီချင်းတစ်ပုဒ်တွင် ဤသို့စပ်ဆိုထားပါသည်။ “လူတိုင်းကကလေးကိုချစ်ကြသည် အမှန်တကယ်လူတိုင်းက ကလေးကိုချစ်ကြသည်မှာမှန်ပါသည်။ ကလေးငယ်ထက်ချို မြိန်သောတခြားအရာမြတ်နိုးစရာဘာရှိတော့မည်နည်း။ မျောက်ကလေးရုပ်မိကျောင်းအရုပ်၊ ဆင်ကလေးအရုပ် စသည်ဖြင့် ချစ်စရာအရုပ်ကလေးများစွာ ရှိနေသော်လည်း အသင်းတော်ရှိကလေးများအကြောင်း ကိုဆွေးနွေးတင်ပြ လိုပါသည်။ တချို့အသင်းတော်၌ရှိသောကလေးငယ်များသည် အသင်းတော်၌နှစ်ပေါင်း အတော်အတန်ပါဝင် ခဲ့ကြပြီဖြစ်သည်၊ ထိုသူတို့သည်အသင်းတော်၌ ပြဿနာလုပ်ကြသလားဟုမေးစရာရှိပါသည်၊ ထိုအကြောင်းနှင့်ပတ်သက်ပြီး ရှင်ပေါလုက ၁ကော။၃း၁ တွင်၌သို့ရေးသားထားပါသည်။” ညီအစ်ကိုတို့၌ အထက်က ငါသည်ဝိညာဉ်လူတို့အားဟောပြောသကဲ့သို့ သင်တို့အားဟောပြောရသော အခွင့်မရှိဘဲ ဇာတိပကတိလူတို့အားလည်းကောင်း။ ခရစ်တော်၌ သူငယ်ကလေးတို့အားလည်းကောင်း ဟောပြောသကဲ့သို့ဟောပြောရ၏။(၁ကော ၃၊၁)

အသင်းတော်ကလေးများဟုပြောရာတွင် အသက်အရွယ်အားဖြင့်မဟုတ်ဘဲ ဝိညာဉ်ရေးရာ ကလေးငယ်များကိုဆိုလိုခြင်းဖြစ်သည်။ ထိုသို့သောကလေးငယ်များသည်တစ်ချိန်လုံး သူတို့ကိုကြည့်ရှုစောင့်ရှောက်ရန်ဆန္ဒ ပြင်းပြကြသည်။ တစ်ချိန်လုံး သင်းအုပ်ဆရာကိုသူတို့အနား၌ နေစေချင်ကြသည်။ ဒီလိုမျိုးငြင်းခုန်တတ်သော ဝိညာဉ်ရေးရာကလေးငယ်များသည် သင်းအုပ်ဆရာအား ဒုက္ခ စိတ်ဆင်းရဲစရာများ ကိုတွေ့ကြုံစေတတ်ကြသည်၊ ကလေးငယ်များဖြစ်နေကသဖြင့် တစ်ချိန်လုံးပူညံပူညံလုပ် တတ်ကြသည်။ သူတို့သည် တစ်ချိန်လုံးပွတ်သပ်၍ အလိုလိုက်ခံချင်ကြသည်။ ဤသို့ဖြင့်သူတို့သည် ဂုဏ်ပြုချီးမွမ်းခြင်းကိုလည်းခံယူလိုကြသေးသည်။

ဤနေရာတွင် ကျွန်ုပ်တို့သတိထားရမည့်အရာမှာ သင်းအုပ်ဆရာသည် သူနာပြုဆရာမ မဟုတ်သည့် အချက်ပင်ဖြစ်သည်။ သင်းအုပ်ဆရာသည် ဘုရားသခင်၏ သိုးထိန်းဖြစ်တော်မူသောကြောင့် မျက်နှာလိုက်ခြင်းမရှိဘဲ။ အများအတွက်ပေးဆပ် လုပ်ဆောင်ရမည်ဖြစ်သည်။ သို့သော် ပညာရှိသော သင်းအုပ်ဆရာသည် ထိုကဲ့သို့သော အသင်းတော်ရှိ ကလေးများ၊ တစ်ချိန်လုံးချီးမွမ်းခံ၊ အလိုလိုက်ခံလိုသူများအတွက် အချိန်ကုန်ခံပြီး၊ အလိုလိုက်ပေးမည် မဟုတ်ပေ။ သို့အစား “ကျေးဇူးတော်၌လည်းကောင်း၊ ယေရှုခရစ်ကို သိကျွမ်းခြင်း၌လည်းကောင်း ကြီးထွားနိုင်ဖို့အလို့ငှာ ဆုတောင်းလုပ်ဆောင်ရမည်ဖြစ်သည်။” (၂ပေ။၃း၁၈)

# "ပေးဆပ်ခြင်း"

# "It Cost..."

၁ ယောသပ်နှင့်မာရိ အီဂျစ်ပြည်၌ ပုန်းရှောင်နေထိုင်၍ သူငယ်တော်ကိုကြည့်ရှုစောင့်ရှောက်ခဲ့ကြသည်၊

၂ ဟေရုတ်မင်းကြီး၏ယုတ်မာသော အမိန့်တော်ကြောင့် ဗက်လင်မြို့၌အနီးတဝိုက်တွင်ထောင်ပေါင်းများစွာသော ကလေးသူငယ်များ၏အသက် ဆုံးရှုံးပျက်ဆီးခဲ့ရသည်။

၃ သိုးထိန်းများသည် သိုးများထိန်းကျောင်းနေစဉ်၊ နွားစားခွက်ထဲ၌ ဖွားမြင်ခြင်းခံသောခရစ်တော်ကိုကြည့်ရှုရန်နှင့် ကယ်တင်ရှင်မွေးဖွားကြောင်းသတင်းကောင်းဟောပြောဖို့ရန် ခေါ်ဖိတ်ခြင်းခံခဲ့ကြသည်၊

၄ ပညာရှိများခရီးကြမ်းနှင်၍ အဖိုးတန်ပစ္စည်းများကိုလက်ဆောင်အဖြစ်ယူလာကာ တော်တော်များများအသက်တာ ပြောင်းလဲစေခဲ့ကြသည်၊

၅ တပည့်တော်များနှင့်ကနဦးယုံကြည်သူများ ညင်းပန်းနှိပ်စက်ခြင်းခံကာ နောက်ဆုံး၌ သေသည့်ထိတိုင်အောင် နှိပ်စက်ခြင်းခံခဲ့ကြသည်၊

၆ သာသနာပြုအမှုဆောင်များ ခရစ်တော်၏ဧဝံဂေလိအတွက်အမျိုးမျိုးသော အခက်ခဲပြဿနာရင်ဆိုင်ကြုံတွေ့ ခဲ့ကြသည်၊

၇ ခရစ်တော်အတွက်ခရစ်ယာန်များမာတုရခံခဲ့ကြသည်၊

၈ ထိုအရာများထက် အံ့သြဖွယ်အမှုမှာ ဘုရားသခင်သည်မိမိ၌ တစ်ပါးတည်းသောသားတော်ကို လောကီသားများကယ်တင်ဖို့ရန်အလို့ငှာ ဤလောကသို့ စေလွှတ်ခဲ့သည်၊

၉ ခရစ်တော်သည် အသက်ကိုစတေးခဲ့ပြီး လူ့လောက၌ မေ့မရနိုင်သော သမိုင်းတစ်ခုကို ပြုစုရေးသားခဲ့သည်၊